# Four Things
# God Wants you to know

## ဘုရားသခင်သည်
## သင့်အားသိစေလိုသောအရာလေးခု




Ivan Edward
ဘာသာပြန်သည်။

**၁။ ဘုရားသခင်သည်၊သင်အပြစ်သားတစ်ယောက်ဖြစ်ပြီးမိမိကိုယ်မိမိမကယ်တင်နိုင်သည်ဆိုခြင်းကိုသင်သိရှိဖို့ရန်လိုအပ်လျက်ရှိတော်မူပါသည်။**

"လူအပေါင်းတို့သည်ဒုစရိုက်ကိုပြု၍ဘုရားသခင့်ရှေ့တော်၌အသရေပျက်ကြပြီ။"(ရောမသြဝါဒစာ ၃း၂၃)

"ကျမ်းစာလာသည်ကား၊ဖြောင့်မတ်သောသူမရှိ၊တယောက်မျှမရှိ။. . . လူအပေါင်းတို့သည်လမ်းလွဲကြပြီ။ တညီတညွတ်တည်းအသုံးမရသောသူဖြစ်ကြပြီ။"(ရောမသြဝါဒစာ ၃း၁၀၊၁၂)

"ငါတို့ကျင့်သောဖြောင့်မတ်ခြင်းအကျင့်အားဖြင့်မဟုတ်ဘဲ၊မိမိသနားခြင်းကရုဏာတော်နှင့်အညီ. . . ငါတို့ကိုကယ်တင်တော်မူ၏။"(တိတုသြဝါဒစာ ၃း၅)

"အပြစ်တရား၏အခကားသေခြင်းပေတည်း။ ဘုရားသခင်ပေးတော်မူသောဆုကျေးဇူးတော်ကား၊ငါတို့သခင်ယေရှုခရစ်အားဖြင့်ထာဝရအသက်ပေတည်း။" (ရောမသြဝါဒစာ ၆း၂၃)

**၂။ ဘုရားသခင်သည်သခင်ယေရှုမှကယ်တင်ခြင်းဆိုင်ရာလမ်းအားပံ့ပိုးထားရှိသည်ဆိုခြင်းကိုသင်သိရှိဖို့ရန်လိုအပ်တော်မူပါသည်။**



"ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည်ပျက်စီးခြင်းသို့မရောက်၊ထာဝရအသက်ကိုရစေခြင်းငှါ၊ဘုရားသခင်သည်မိမိ၌တပါးတည်းသောသားတော်ကိုစွန့်တော်မူသည့်တိုင်အောင်လောကီသားတို့ကိုချစ်တော်မူ၏။"(ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၃း၁၆)

"ယုံကြည်၍ဗတ္တိဇံကိုခံသောသူသည်ကယ်တင်တော်မူခြင်းသို့ရောက်လတံ့။ မယုံကြည်သောသူမူကားအပြစ်စီရင်ခြင်းကိုခံရလတံ့။"(ရှင်မာကုခရစ်ဝင်ကျမ်း ၁၆း၁၆)

"ငါတို့ကိုဘုရားသခင့်အထံတော်သို့ပို့ဆောင်ခြင်းငှါ၊ဖြောင့်မတ်တော်မူသောသည်၊မဖြောင့်မတ်သောသူတို့အတွက်ဒုစရိုက်အပြစ်များကြောင့်တခါခံတော်မူ၏။"(ရှင်ပေတရုသြဝါဒစာပထမစောင် ၃း၁၈)

**၃။ ဘုရားသခင်သည်သင်၏အပြစ်များအတွက်နောင်တရခါဝန်ချတောင်းပန်၍စွန့်လွှတ်ကျော်ခိုင်းကြရမည်ဆိုခြင်းကိုသိရှိဖို့ရန်လိုအပ်တော်မူပါသည်။**

"ပေတရုကလည်း၊သင်တို့၏အပြစ်ကိုလွှတ်စေခြင်းငှါနောင်တရ၍တယောက်မျှမကြွင်း၊ယေရှုခရစ်၏နာမ၌ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင်သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသောဆုကျေးဇူးတော်ကိုခံရကြလိမ့်မည်။"(တမန်တော်ဝတ္ထု ၂း၃၈)

"ကိုယ်အပြစ်တို့ကိုဘော်ပြတောင်းပန်လျှင်၊ငါတို့အပြစ်များကိုလွှတ်၍ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှါဘုရားသခင်သည်သစ္စာတရားနှင့်ဒင်း၊ဖြောင့်မတ်ခြင်းတရားနှင့်ဒင်းပြည့်စုံတော်မူ၏။"
(ရှင်ယောဟန်သြဝါဒစာပထမစောင် ၁း၉)

"မိမိအပြစ်ကိုဘော်ပြဝန်ချ၍စွန့်ပစ်သောသူမူကား၊ကရုဏာတော်ကိုခံရလိမ့်မည်။"(သုတ္တံကျမ်း ၂၈း၁၃)

"ထို့ကြောင့်၊ငါတို့သည်ယုံကြည်ခြင်းရှိ၍ဖြောင့်မတ်ရာသို့ရောက်လျှင်၊ငါတို့သခင်ယေရှုခရစ်အားဖြင့်ဘုရားသခင့်ရှေ့တော်၌ငြိမ်သက်ခြင်းကိုခံစားကြ၏။ ထိုကျေးဇူးတော်ကိုခံစားရသည်အ



ကြောင်းမှာယုံကြည်ခြင်းးရှိ၍၊ထိုသခင်အားဖြင့်သာခံစားသောအခွင့်ကိုရကြ၏။ သို့ဖြစ်၍ဘုရားသခင်၏ဘုန်းတော်ကိုမြော်လင့်၍ဝါကြွားဝမ်းမြောက်ခြင်းရှိကြ၏။"(ရောမသြဝါဒစာ ၅း၁-၂)

**၄။ ဘုရားသခင်သည်သင်၏အနာဂတ်အားလက်ခံခြင်းနှင့်ငြင်းပယ်ခြင်းတို့ကိုပြုလုပ်ဖို့ရန်ဆုံးဖြတ်တော်မူသည်ကိုသင်သိရှိဖို့ရန်လိုအပ်တော်မူပါသည်။**

"သားတော်ကိုယုံကြည်သောသူသည်ထာဝရအသက်ကိုရ၏။ သားတော်ကိုပယ်သောသူမူကားအသက်ကိုမတွေ့ရ။ ထိုသူအပေါ်၌ဘုရားသခင်၏အမျက်တော်သည်တည်နေသည်ဟုယောဟန်ဟောလေ၏။"(ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၃း၃၆)

"ဤမျှလောက်ကြီးစွာသောကယ်တင်တော်မူခြင်းတရားကိုငါတို့သည်နားမထောင်ဘဲနေလျှင်၊အပြစ်ဒဏ်နှင့်အဘယ်သို့လွတ်ကြလိမ့်မည်နည်း။"(ဟေဗြဲသြဝါဒစာ ၂း၃)

### ကျွန်တော်တို့သည်မည်သည့်အရာကို
### မလွဲမသွေပြုလုပ်ကြရမည်နည်း?

**၁၊ ကျွန်တော်အပြစ်သားဖြစ်သည်ဆိုခြင်းအားသိရှိရမည်၊**

**၂၊ ကျွန်တော်သည်ကယ်တင်ရှင်တစ်ပါးအားလိုအပ်လျက်ရှိကြောင်းကိုနားလည်သဘောပေါက်ရမည်၊**

**၃၊ ကျွန်တော်သည်နောင်တရ၍ဒုစရိုက်အပြစ်တို့မှကျော်ခိုင်းရမည်၊**

**၄၊ ကျွန်တော်သည်ခရစ်တော်ကိုယုံကြည်ရန်ဦးတည်ရမည်၊**

**ဆက်သွယ်ရန်၊**

**E:mail - futurelifenews4u@gmail.com**
*www.tracts.com/Karin'sTractPage.html*